ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီ

အမိန့်ကြော်ငြာစာအမှတ် ( ၁ / ၂၀၁၆ )
( ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် )
( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် )

မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီသည် ၂၀၁၇ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်ခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**၂၀၁၇ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာ**

၁။ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီမှ ၂၀၁၇ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းတွင် ထုတ်လုပ်သည့် ခုနှစ်အား အောက်ဖော်ပြပါအတိုင်း သတ်မှတ်လိုက်သည် -

(က) **ယာဉ်အို/ ယာဉ်ဟောင်းအစီအစဉ် ( Consignment စနစ်အပါအဝင်)**

(၁) လူစီးမော်တော်ယာဉ်များ - ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း

(၂) ၁၃၅၀ စီစီနှင့်အောက်လူစီးယာဉ်များ -၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း (၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ် (ဘယ်မောင်း) တင်သွင်းရန်)

(၃) ကုန်တင်ယာဉ်များ - ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း

(၄) ခရီးသည်တင်ယာဉ်များ - ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း

(ခ) **လူပုဂ္ဂိုလ်တစ်ဦးချင်းအစီအစဉ်**

(၁) လူစီးမော်တော်ယာဉ်များ ( ၁၃၅၀ စီစီနှင့်အောက် လူစီးယာဉ်များ အပါအဝင်) - ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း (ဘယ်မောင်း)

(၂) ကုန်တင်ယာဉ်များ -၂၀၀၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း

(၃) ခရီးသည်တင်ယာဉ်များ (Express) - ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း (ဘယ်မောင်း)

(၄) ခရီးသည်တင်ယာဉ်များ၊ မြို့တွင်းပြေးဆွဲယာဉ်များ၊ ( Mini Bus/ City Bus) - ၂၀၀၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း (ဘယ်မောင်း)

(ဂ) ပုံမှန်လိုင်စင်ဖြင့် မော်တော်ယာဉ်လျှောက်ထားမှု ( FOC စနစ်ဖြင့် ပြည်ပမှ လှူဒါန်းသည့် မော်တော်ယာဉ်ပါမစ်လျှောက်ထားမှုအပါအဝင်)

(၁) လူစီးမော်တော်ယာဉ်များ- ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း(ဘယ်မောင်း)

(၂) လုပ်ငန်းသုံးယန္တရားများ - ၂၀၀၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း

(၃) မီးသတ်ယာဉ် - ၂၀၀၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း

(၄) လူနာတင်ယာဉ် - ၂၀၀၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း

(၅) နိဗ္ဗာန်ယာဉ် - ၂၀၀၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း

(၆) သာသနာရေးဆိုင်ရာယာဉ်များ - ၂၀၀၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း

(၇) ခရီးသည်တင်ယာဉ်များ(Express)(၂၀၁၂ခုနှစ်မှ၂၀၁၇ခုနှစ်အတွင်း)(ဘယ်မောင်း)

(၈) ခရီးသည်တင်ယာဉ်များ၊ မြို့တွင်းပြေးဆွဲယာဉ်များ ၊ (Mini Bus/ City Bus) (၂၀၀၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း) (ဘယ်မောင်း)

(ဃ) **အစိုးရဌာနများမှ မော်တော်ယာဉ်လျှောက်ထားမှု**

(၁) လူစီးမော်တော်ယာဉ်များ - ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း (ဘယ်မောင်း)

(၂) လုပ်ငန်းသုံးယာဉ်/ ခရီးသည်တင်ယာဉ်/ ကုန်တင်ယာဉ်/ ယန္တရားများ- ၂၀၀၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း

**မှတ်ချက်။** (က) နိုင်ငံတော်အတွက် လှူဒါန်းသည့်မီးသတ်ကားနှင့် လူနာတင်ယာဉ်များ လျှောက်ထားရာတွင် ၂၀၀၀ ခုနှစ်မော်ဒယ်အထိသာ လက်ခံဆောင်ရွက်ပေးပါမည်။

(ခ) အများပြည်သူသုံး လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း မရှိသည့် Excavator၊ Bulldozer၊Wheel Loader၊ Vibratory Roller၊ Clamp Loader၊ Motor Grader၊ Road Roller Compactor၊ Bridge Crane၊ Gantry Crane၊ Tower Crane၊ PillingMachine၊ Crawler Drill/ Crane၊ Overhead Travelling Crane၊ Mobile Crane၊ Rough -Terrain Crane၊ Forklift စသည့် လုပ်ငန်းသုံးယန္တရား (၁၆) မျိုးအား လွန်ခဲ့သော နှစ်(၂၀)အတွင်းထုတ်လုပ်သည့်ယာဉ်များအဖြစ် တင်သွင်းခွင့်ပြုပါမည်။

(ဂ) နိုင်ငံတကာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများမှဝယ်ယူခြင်းအတွက် အထက်အပိုဒ်(၁)၊ (က) နှင့် (ခ) ပါ သတ်မှတ်ချက်အတိုင်း အရောင်းစင်တာ/ အရောင်းပြခန်းမှ

(ဃ) ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ လူစီးယာဉ်၊ ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ်များ တင်သွင်းရာတွင် ရောက်ရှိခုနှစ်နှင့် ရောက်ရှိခုနှစ်အောက် (၂) နှစ်နိမ့်မော်ဒယ် ( ၂၀၁၅/၂၀၁၆/၂၀၁၇ မော်ဒယ်) မော်တော်ယာဉ်များတင်သွင်းပါက (ဘယ်မောင်း) သာ တင်သွင်းရမည်။

( ပုံ )

ဒေါက်တာသန်းမြင့်

ဥက္ကဋ္ဌ

မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော

လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

စာအမှတ် ၊ စက-၁၁/၂-၁၈ / ၂၀၁၆ ( ၄ )

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး

အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်

မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း

မော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်း

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(ညီနောင်အသင်းအဖွဲ့များထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

တိုးအောင်မြင့်

အတွင်းရေးမှူး

မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော

လုပ်ငန်းများကြီးကြပ်ရေးကော်မတီ